**COVID-19 နှင့် လူနာ၏ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံရေး**

Calhoun ခရိုင် ပြည်သူ့ကျန်းမာရေးဌာန

မတ်လ ၂၂ ရက်၊ ၂၀၂၀ ခုနှစ်

ကျွန်တော်များ Calhoun ခရိုင် ပြည်သူ့ကျန်းမာရေးဌာန (CCPHD) သည် ခရိုင်အတွင်းနေထိုင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ကာကွယ်မှုများ အနေဖြင့် အခြေအနေစောင့်ကြပ်ကြည့်ရှုခြင်း၊ တုန့်ပြန်ဆောင်ရွက်ခြင်း၊ Calhoun ခရိုင်အတွင်းရှိတိကျသောဖြစ်ရပ်အခြေအနေများကိုအများပြည်သူထံသို့သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်း စသည့် လုပ်ဆောင်ချက်များကို အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျှက်ရှိနေပါသည်။

ပြည်သူများအနေဖြင့် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်များများရှိနေပြီး ကိုယ်တိုင်ထိတွေ့ဖြစ်ပွားလာနိုင်သလားဟု တွေးတောနေကြမည်ကို နားလည်စာနာမိပါသည်။ ကျွန်တော်များ CCPHD အနေဖြင့်လည်း ခရိုင်အတွင်း COVID-19 ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်ဟု ယူဆမိပါသည်။ သို့ဖြစ်ပါ၍ ခရိုင်အတွင်း နေထိုင်သူများကို ဆက်လက် တိုက်တွန်းလိုသည်မှာ ရောဂါဆက်လက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန် ကြိုတင် ကာကွယ်မှုများကို မဖြစ်မနေပြုလုပ်ဆောင်ရွက်ကြပါရန်နှင့် ၎င်း ကြိုတင်ကာကွယ်မှုများမှာ လက်နှစ်ဘက်စလုံးကို အကြိမ်ကြိမ် ဆေးကြောခြင်း၊ နေထိုင်မကောင်းဖြစ်ပါက အိမ်တွင်သာနေရန် နှင့် နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ပြုလုပ်ပါက ပါးစပ်နှင့် နှာခေါင်းတို့ကိုသေချာဖုံးအုပ်ပြီးမှသာ ပြုလုပ်ကြရန်တို့ ဖြစ်ပါသည်။

တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ကာကွယ်ရန်အတွက် ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် ဆေးမှတ်တမ်းများကို ကာယကံရှင်၏ခွင့်ပြုချက် (သို့) ဌာနဆိုင်ရာခွင့်ပြုချက်မရှိဘဲ အများပြည်သူသို့ လုံးဝ ထုတ်ပြန်ကြေညာမည်မဟုတ်ပါ။ ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါကူးစက်ခံ ရမှု သေချာကြောင်းအတည်ပြုချက် (Positive Cases) များနှင့်ပတ်သက်၍ စိတ်ဝင်စားနေကြပြီး၊ ရောဂါကူးစက် ခံရသူက မိမိတို့၏ အိမ်နီးချင်းများဖြစ်မလား၊ လုပ်ဖော်ကိုင်ဖက်များဖြစ်မလား၊ ဒါမှမဟုတ် သူငယ်ချင်းများ ဖြစ်မလား ဟူ၍ စိုးရိမ်ပူပန်ကာ သိချင်စိတ်ဖြစ်နေကြမည်ဟု နားလည်မိပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့ သော သတင်းအချက်အလက်ကို ထုတ်ပြန်မှုမပြုနိုင်သော်လည်း လက်ရှိအချိန်တွင်ကျွန်ုပ်တို့အနေဖြင့်COVID-19Positive စုံစမ်းစစ်ဆေးမှုများမှ တဆင့် အနီးကပ်ဆက်သွယ်မှုရှိသူများအား ဖော်ထုတ်အတည်ပြုခြင်း များကို သင့်လျော်သလို အားစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

နေထိုင်သူများအနေဖြင့် မီချီဂန်ပြည်နယ် နှင့် ရောဂါထိန်းချုပ်ရေးဗဟိုဌာန(CDC) တို့၏ လမ်းညွှန်ချက်များကို လိုက်နာကြပါရန်တိုက်တွန်းအပ်ပါသည်။ ထို့အပြင် ၎င်းလမ်းညွှန်ချက်များတွင်ပါဝင်သော တစ်ဦးနှင့်တစ်ဦး

နားလည်မှုရှိစွာ ခပ်ခွာခွာနေထိုင်ပြုမူခြင်း နှင့် အခြားသူများနှင့် ထိတွေ့ခြင်းကို ကန့်သတ်ထားခြင်း၊ လက်ဆေးခြင်းစသည်တို့ကို မဖြစ်မနေပြုမူနေထိုင်ကြစေချင်ပါသည်။

Calhoun ခရိုင်တွင်နေထိုင်သူများအနေဖြင့် Coronavirus ကူးစက်ခံရသူ အခြေအနေပြဇယား ကို အောက်ပါ လင့်ခ်တွင် ဝင်ရောက်၍လေ့လာကြည့်၍နိုင်ပါသည်။

https://www.michigan.gov/coronavirus/0,9753,7-406-98163-520743--,00.html

Federal Privacy Law အရ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ထိန်းချုပ်ကာကွယ်ပေးထားပါသည်။